# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ (တာဝန်ခံ)ညွှန်ကြားရေးမှူးများ တွေ့ဆုံခြင်း

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်သည် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများမှ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် ၁-၉-၂၀၂၁ ရက်နေ့ နံနက် ၉ နာရီ အချိန်တွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခု စက်တင်ဘာလသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကုန်ဆုံးမည့် နောက်ဆုံးလဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် မူတည်၍ အစီရင်ခံစာများကို ပြုစုတင်ပြနိုင်ရန်အတွက် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရန် ပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်စာရင်းစစ်ရုံးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ရုံးတို့မှ တာဝန်ခံ ညွှန်ကြားရေးမှူးများက ဩဂုတ်လ ၃၁ ရက်အထိ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လက်ရှိဝန်ထမ်းအင်အား အခြေအနေများ၊ လက်တွေ့ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေတို့နှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကူညီထောက်ပံ့မှုအခြေအနေ တို့ကို တင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ စီမံရေးရာကိစ္စရပ်များနှင့် သတင်းအချက်အလက်နှင့် နည်းပညာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး) ဒေါ်ခိုင်ခိုင်အောင်က စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။